ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၁. ၂. ၁၀

ဘုရားသခင်၏ပဋိညာဉ်အားစောင့်ရှောက်ခြင်းနှင့်စည်းကမ်းထိန်းသိမ်းခြင်း
(Keeping God's Covenant and the Exercise of Discipline, Prof. David J. Engelsma)

ကျမ်းစာဖတ်ခြင်း - ဟေဗြဲ ၁၂း၁-၁၇

စည်းကမ်းထိန်းသိမ်ခြင်းလို့ ခေါင်းစဉ်မှာပြောတာဟာ၊ မိဘတွေက သူတို့ရဲ့ ပဋိညာဉ်သားသမီးတွေအပေါ်မှာ စည်းကမ်းကြပ်မတ်ခြင်းကို ဆိုလိုတာဖြစ်ပါတယ်။

ကျွန်တော်တို့ကလေးတွေကို စည်းကမ်းကြပ်မတ်တာဟာ၊ ဘုရားသခင်ရဲ့ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းရဲ့ အစိတ်အပိုင်းတခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က မိဘတွေကို မိမိတို့သားသမီးတွေကို ပြုစုပျိုးထောင်ဖို့ တာဝန်ပေးထားလို့ပါဘဲ။ အဲဒီလို ပြုစုပျိုးထောင်ခြင်းမှာ စည်းကမ်းကြပ်မတ်ခြင်း ပါနေပါတယ်။ ဘုရားသခင်က အဲဒီလို စည်းကမ်းကြပ်မတ်ခြင်းပါတဲ့ ပြုစုပျိုးထောင်ခြင်းကို အသုံးပြုပြီးတော့၊ သူ့ရဲ့ပဋိညာဉ်ရည်ရွယ်ချက်ဖြစ်တဲ့၊ ယုံကြည်သူမိဘတွေရဲ့ပဋိညာဉ်ကလေးတွေကို ကယ်တင်တာဖြစ်တယ်။

စည်းကမ်းကြပ်မတ်ခြင်းရဲ့ အရေးကြီးမှုကို ဟေဗြဲ ၁၂း၁-၁၇မှာ တွေ့ရပါတယ်။ အထူးသဖြင့် အငယ် ၉နဲ့၁၀မှာ ဖြစ်ပါတယ်။ "တနည်းကား ကိုယ်ကာယနှင့်စပ်ဆိုင်သော အဘတို့လက်ဖြင့် ငါတို့သည် ဆုံးမခြင်းကို ခံရသောအခါ၊ သူတို့ကို ရိုသေကြ၏။ ထိုမျှမက၊ စိတ်ဝိညာဉ်တို့၏အဘ အလိုသို့လိုက်၍ အသက်ချမ်းသာရာ ရကြမည်မဟုတ်လော။ အကြောင်းမူကား ထိုအဘတို့သည် မိမိတို့အလိုသို့လိုက်၍ တခဏသာ ဆုံးမပေးကြ၏။ ကိုယ်တော်မူကား မိမိသန့်ရှင်းခြင်းပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှာ ငါတို့အကျိုးကိုထောက်၍သာ ဆုံးမပေးတော်မူ၏။"

ဒီကျမ်းပိုဒ်က မိဘတွေရဲ့ စည်းကမ်းပဲ့ပြင်မှုကို ရည်ညွှန်းနေပါတယ်။ "အဘတို့လက်ဖြင့် ငါတို့သည် ဆုံးမခြင်းကိုခံရကြသည်။" ပိုပြီးအရေးကြီးတာက ဒီကျမ်းပိုဒ်က ဘုရားသခင်က သူ့ရဲ့သားသမီးတွေကိုဆုံးမတာနဲ့ မိဘတွေက သူတို့သားသမီးတွေကို ဆုံးမတာ နှစ်ခုကို နှိုင်းယှဉ်ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။

ဝိညာဉ်တော်ဟာ ဟေဗြဲ ၁၂ ကို လက်တွေ့အသက်ရှင်ပုံအတွက် အလိုတော်ရှိပါတယ်။ အဲဒါကတော့ ဘုရားသခင်ရဲ့သားသမီးတွေဟာ နာကျင်စွာခံရတတ်တဲ့ ဘုရားသခင်ရဲ့ဆုံးမခြင်းကို နှိမ့်ချစွာဝန်ခံတတ်ဖို့ဖြစ်ပါတယ်။ အဲဒီလို ဘာဖြစ်လို့ပြောနေတာလဲဆိုတော့၊ ဟေဗြဲသြဝါဒစာကို လက်ခံရရှိကြတဲ့ ခရစ်ယာန်တွေဟာ အဲဒီလို ဘုရားသခင်ရဲ့ဆုံးမခြင်းအပေါ်မှာ စိတ်ပျက်လက်ပျက် ရှိနေကြလို့ပါဘဲ (၃)။ အဲဒီလို ဘုရားသခင်ရဲ့ဆုံးမခြင်းအပေါ် စိတ်ပျက်တာဟာ ခရစ်ယာန်တိုင်းအတွက် အတော်အန္တရယ်ရှိနေလို့ပါဘဲ (ဟေဗြဲ ၁၂း၅-၆)။ အန္တရယ်ကတော့ အဲဒီလို စိတ်ပျက်နေတဲ့ခရစ်ယာန်ဟာ မကြာဘူး၊ ဘုရားသခင်ရဲ့ဆုံးမခြင်းကို အထင်သေးလာပြီး၊ သူဟာ ဘုရားသခင်ရဲ့ဆုံးမခြင်းအောက်မှာ ကျဆုံးသွားတော့မှာဖြစ်လို့ဘဲ။

အဲဒီလို အဆုံးမခံရတဲ့ခရစ်ယာန်ဟာ ဆုံးမခြင်းအောက်မှာ ပြိုလဲမသွားဘဲ၊ ဆုံးမမှုကို နှိမ့်ချစွာခံယူနိုင်ဖို့၊ ဟေဗြဲသြဝါဒရေးသူက သူတို့တွေ့နေရတဲ့ ဒုက္ခတွေဟာ ဘုရားသခင်က ပို့လိုက်တာဖြစ်ကြောင်း၊ အဲဒီ အခက်အခဲတွေက သူတို့ဘဝကို ပိုကောင်းလာစေမှာဖြစ်ကြောင်း ရေးနေတာဖြစ်ပါတယ်။

ကျွန်တော်တို့ဘဝမှာ တွေ့ကြုံရတဲ့ ပြဿနာအခက်အခဲတွေဟာ မတော်တဆ တွေ့ကြရတာ မဟုတ်ပါဘူး။ မျက်လုံးမရှိတဲ့ ကံတရားကြောင့်မဟုတ်ပါဘူး။ ဘုရားသခင်က အမျက်ဒေါသထွက်လို့ ပို့လိုက်တာတွေလဲ မဟုတ်ကြပါဘူး။ အဲဒါနဲ့ဆန့်ကျင်စွာ ခရစ်ယာန်တယောက်တွေ့ရတဲ့ ဆိုးညစ်ခြင်းတွေဟာ ဘုရားသခင်ရဲ့ ဆုံးမတော်မူခြင်းတွေဘဲဖြစ်ပါတယ်။

ဆုံးမခံရခြင်းဟာ နာကျင်ရပါတယ်။ ကျွန်တော်တို့ အပြစ်တွေကနေလမ်းမှန်ပြန်ရောက်ဖို့ ဘုရားသခင်က ပို့လိုက်တာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လဲ ကျွန်တော်တို့တွေ ဝိညာဉ်ရေးအရ ပိုပြီးရင့်ကျက်

လာရလေအောင်လို့ ပို့လိုက်တာဖြစ်ပါတယ်။ ဒါမှမဟုတ် ကျွန်တော်တို့တွေ မတောင်းဘဲရလာတဲ့ အပြစ်တရားကနေ ပိုပြီးလွတ်မြောက်လာအောင်၊ သန့်ရှင်းခြင်းအသက်တာထဲမှာ ပိုပြီး အသက်ရှင်နိုင်လာရလေအောင် ဘုရားသခင်က သက်သက် ပို့လိုက်တာတွေဖြစ်ပါတယ်။

ဘုရားသခင် ကျွန်တော်တို့ကို ဆုံးမတဲ့အခါမှာ၊ သူ့ရဲ့သဘောထားဟာ ချစ်ခြင်းဖြစ်ပါတယ်၊ မုန်းတီးအမျက်ထွက်လို့ မဟုတ်ပါဘူး။ အဲဒီလို ဆုံးမတဲ့အခါ၊ ရည်ရွယ်ချက်ကလည်း ကယ်တင်ဖို့ဖြစ်ပါတယ်၊ ငရဲထဲပစ်ချဖို့ မဟုတ်ပါဘူး။ ဒီလိုအားဖြင့် ဆုံးမခြင်းဟာ၊ အပြစ်ဒါဏ်ပေးခြင်းနဲ့ လုံးလုံးခြားနားပါတယ်။ အပြစ်ဒါဏ်ပေးခြင်းဟာ မယုံကြည်သူတွေရဲ့အသက်တာမှာ ခံရတဲ့ နာကျင်လှတဲ့ ဝေဒနာဒုက္ခတွေဘဲဖြစ်ပါတယ်။ အပေါ်ယံကြည့်ရင် ယုံကြည်သူတွေ ဆုံးမခံရတဲ့အချိန်မှာ ခံစားရတာတွေနဲ့ တူတယ်လို့ဘဲထင်ရပါတယ်။ ဒါပေမဲ့အပြစ်ဒါဏ်ခတ်ခြင်းဟာ ဘုရားသခင်က ငြင်းပယ်ခြင်းခံရတဲ့ ဘုရားကိုမကြောက်ရွံ့မရိုသေတဲ့ မယုံကြည်တွေထံမှာ မုန်းတီးတဲ့သဘောထားကနေ ပို့လိုက်တာဖြစ်ပါတယ်။ အဲဒီလူရဲ့အပြစ်တွေအတွက် ခံဖို့လိုအပ်တဲ့ဒါဏ်အနေနဲ့ ပို့တာဖြစ်တယ်။ ရည်ရွယ်ချက်ကတော့ ထာဝရငရဲထဲရောက်အောင်ဖြစ်တယ်။ အဲဒီအပြစ်သား ပျက်ဆီးကြေမွသွားဖို့ဖြစ်တယ်။ ဘုရားသခင်ဟာ ငြင်းပယ်ခြင်းခံရသော ဘုရားတရားမဲ့လူကို အပြစ်ဒါဏ်ခတ်တယ်၊ ရွေးကောက်ခြင်းခံရသောယုံကြည်သူကို ဆုံးမတော်မူပါတယ်။

ဟေဗြဲ(၁၂)ကပြောနေတဲ့ ယုံကြည်သူတို့ဘဝတွေထဲက ခံရတဲ့ဆိုးဝါးခြင်းတွေဟာ၊ ဘုရားသခင်ရဲ့ဉာဏ်ပညာကြီးမားစွာ သူ့သားသမီးတွေကို ပြုစုထိန်းသိမ်းပုံဖြစ်ပါတယ်။ လိုအပ်လို့ဖြစ်တယ်။ ကောင်းကင်ဘုံမှဖခင်တယောက်ရဲ့ သားသမီးတွေကိုချစ်တဲ့အတွက် ဆုံးမတာဖြစ်တယ်။ ဒီကျမ်းပိုဒ်မှာ ဘုရားသခင်ဟာ ကျွန်တော်တို့ကို သူကဆက်ဆံတဲ့ပုံနဲ့ ဖခင်တယောက်က သူ့သားသမီးတွေကို ဆက်ဆံပုံနဲ့ နှိုင်းယှဉ်ထားတော်မူတယ်ဆိုတာ၊ ခင်ဗျားတို့ တသက်လုံးမှတ်မိစေချင်ပါတယ်။ အဲဒီနှိုင်းယှဉ်မှုကို (၇)ကထဲက လုပ်ခဲ့ပြီးဖြစ်တယ်၊ “သင်တို့သည် ဆုံးမတော်မူခြင်းကိုခံလျှင်၊ သားတို့ကိုပြုသကဲ့သို့ ဘုရားသခင်သည် သင်တို့ကို ပြုတော်မူ၏။ အကြောင်းမူကား၊ အဖမဆုံးမသောသား တစုံတယောက်ရှိသလော။” အဲဒါကို (၉)နဲ့(၁၀)မှာ ထပ်ပြောတဖြစ်တယ်။

ဒီကျမ်းပိုဒ်က ဖခင်ရဲ့အပြုအမူတွေထဲက တခုနဲ့ပတ်သက်လို့၊ ကောင်းကင်ဘုံကဖခင်နဲ့ ကျွန်တော်တို့ မြေကြီးသားဖခင်တွေကို ခိုင်းနှိုင်းထားတာဖြစ်ပါတယ်။ အဲဒီ တခုသောအပြုအမူဆိုတာ ဆုံးမတဲ့နေရာမှာဖြစ်ပါတယ်။ ပိုပြီးတိကျအောင်ပြောရရင်၊ စည်းကမ်းကြပ်မတ်ရာမှာဖြစ်ပါတယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့ကို ဆုံးမပါတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ရဲ့ သားတွေသမီးတွေကို ဆုံးမရပါတယ်။

ဒီလိုမျိုး ဘုရားသခင်နဲ့မြေကြီးပေါ်က ဘာမဟုတ်တဲ့ လူသားဖခင်တွေကို နှိုင်းယှဉ်ထားချက်က ပင်္ဂုညာဉ်မိသားစုတွေမှာ သားသမီးတွေကို စည်းကမ်းသေဝပ်စွာရှိရလေအောင် ဆုံးမခြင်းကို ပိုလို့ လက်တွေ့ကျစွာ အရေးပါလာစေပါတယ်။

မိဘတွေကမေးလေ့ရှိကြပါတယ်။ သားသမီးတွေကို ဆုံးမတာနဲ့ပတ်သက်လို့ မိဘတွေရဲ့တာဝန်က ဘာလဲ? ကျွန်တော်တို့က ဆုံးမရမှာလား? ဒါဆိုရင် ဘယ်လိုဆုံးမရမလဲ? မိသားစုကို ကောင်းစွာဆုံးမသွန်သင်တယ်ဆိုတာ ဘာလဲ?

ပင်္ဂုညာဉ်အိမ်ထောင်တွေမှာ၊ မိဘတွေဟာ သူတို့ရဲ့မိဘတွေထံကနေ အကူအညီအများကြီးရကြပါတယ်။ ရလဲရသင့်ပါတယ်။ မိဘတွေရဲ့အသက်တာများကနေ သင်ယူရတာတွေကို အထင်မသေးလိုက်ပါနဲ့။(ပြဿနာက မိဘတွေရဲ့မိဘတွေကလဲ ခရစ်ယာန်လို ဘယ်လို မိသားစုကို ဆုံးမသွန်သင်ရမယ်ဆိုတာကို မသိကြတာများပါတယ်။ သူများတွေလုပ်သလို လိုက်လုပ်နေကြတာဘဲများတယ်။)

ကမ္ဘာကြီးထဲကိုကြည့်လိုက်ရင် အဲဒီလို မိဘတွေဆီကနေရကြတာတွေဟာ ဆွေစဉ်မျိုးဆက်ဆက်သွားတတ်တယ်ဆိုတာတွေ့နေရပါတယ်။ မိဘတွေက ကိုယ်ကလေးကို နည်းတမျိုးမဟုတ်တမျိုးနဲ့ နှိပ်စက်တယ်ဆိုရင်၊ အဲဒီကလေးဟာ ကြီးလာလို့ သားသမီးရတဲ့အချိန်ကြရင် သူ့သားသမီးတွေကို နှိပ်စက်တတ်တဲ့ မိဘ ဖြစ်လာတတ်ပါတယ်။ သူ့သားသမီးတွေကလဲ နောက်လာမဲ့သားသမီးတွေကို ဆက်ပြီးတော့ နှိပ်စက်ကြသူမိဘများ ဖြစ်လာကြပြန်ပါတယ်။ အဲဒီလိုနဲ့ ဒီအကျင့်ဆိုးဟာ ဆွေစဉ်မျိုးဆက်၊ ဆက်ပြီးတော့ ဖြစ်နေတတ်ပါတယ်။ အဲဒီလိုဘဲ သေချာစွာထိန်းသိမ်းစောင့်ရှောက်တဲ့အကျင့်ကလဲ၊ ဆွေ

စဉ်မျိုးဆက် ဆက်သွားပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်သားတွေသမီးတွေရှေ့မှာ ထားကြတဲ့ အကျင့်စာရိတ္တတွေဟာ၊ နောက်လာမဲ့မျိုးနွယ်စုတွေမှာ အသီးသီးဖို့ဖြစ်ပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ်၊ မိဘတွေရဲ့ဥပမာအသက်ရှင်မှုဟာ၊ ခရစ်ယာန်မိဘတွေဘဲဖြစ်ဖြစ်၊ မမှားဘဲမနေနိုင်ပါဘူး။ ခရစ်ယာန်မိဘတွေရဲ့ သားသမီးတွေကို ဆုံးမရာမှာ မပြည့်စုံနိုင်ပါဘူး၊ အမှားတွေပါနေပါတယ် ဆိုတဲ့အချက်ကို ဟေဗြဲ ၁၂ က ထည့်ပြောပြပါတယ်။ မိဘတွေရဲ့ ဆုံးမတဲ့ပုံစံဟာ "သူတို့စိတ်ကျေနပ်ဖို့"လို့ပြောပါတယ်(ငယ် ၁၀)။ ကျွန်တော်တို့တွေ မမှားနိုင်တဲ့ လမ်းညွှန်ချက် လိုအပ်ပါတယ်။

ကျမ်းစာကဘဲ ဆုံးမခြင်းကိုမမှားနိုင်ဖို့ လမ်းညွှန်ပေးနိုင်ပါတယ်။ ကျမ်းစာက ကလေးကို ဘယ်လို ပြုစုပျိုးထောင်ရမလဲ ဆိုတာကို ပြောပြပါတယ်။ အထူးသဖြင့် ဘယ်လိုစည်းကမ်းကြပ်မတ်ရမလဲဆိုတာပြောပြပါတယ်။ ကျမ်းစာက မမှားနိုင်သောဉာဏ်ပညာနဲ့ဩဇာအာဏာနဲ့ ဘယ်လိုမျိုး ဆုံးမရမယ်ဆိုတာကို သင်ပေးပါတယ်။ စကားမစပ်၊ ဒါဟာ ကလေးတွေကို ရက်စက်စွာဆုံးမတတ်တဲ့ မိဘတွေ ရှိကြသူတွေအတွက် ဝမ်းသာစရာသတင်းကောင်းဖြစ်တယ်။ အဲဒီလိုမိဘရဲ့သားသမီးတယောက်က သူ့ကလေးတွေကို ဆက်ပြီးနှိပ်စက်လိမ့်မယ်ဆိုတာမျိုး ပြောလို့မရလို့ပါဘဲ။ အဲဒီအကျင့်ဆိုးကို ဖျောက်ပစ်လို့ရပါတယ်။ သခင်ခရစ်တော်ထံ အဲဒီလူ ပြောင်းလဲပြီဆိုတာနဲ့ ပျောက်သွားမှာဖြစ်လို့ဘဲ။ အဲဒီလို ပြောင်းလဲပြီဆိုတာနဲ့ သူ့ကလေးတွေကို ဆုံးမတဲ့ပုံစံဟာ မိဘတွေရဲ့ဥပမာကနေရလာတဲ့ အပြုအမူမဟုတ်တော့ဘဲ၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကျမ်းစာကနေပြောပြတဲ့ ရှင်းလင်းသော၊ ဩဇာရှိသောပုံစံ ဖြစ်လာပါတော့တယ်။

ကျမ်းစာဟာ မိဘတွေ ဘယ်လိုကလေးတွေကို ဆုံးမရမယ်ဆိုတာကို ပြောပြနေတဲ့၊ လမ်းညွှန်ချက် သင်ခန်းစာ စာအုပ်တော့မဟုတ်ပါဘူး၊ သုတ္တံကျမ်းက အခန်းတော်တော်များများမှာ အဲဒါကို ပြောပြတာတော့မှန်ပါတယ်။ ဒါပေမဲ့ ဆုံးမခြင်းနဲ့ပတ်သက်လို့ကတော့ ကျမ်းစာတအုပ်လုံးမှာနေရာတိုင်းတွေ့ရပါတယ်။ ဆုံးမစာတွေမှာသာမဟုတ်ဘဲ၊ သမိုင်းမှတ်တမ်းနဲ့ပတ်သက်တဲ့နေရာတွေမှာလဲ တွေ့ရပါတယ်။ ဆုံးမစာတွေမှာကော၊ သမိုင်းဆိုင်ရာကျမ်းပိုဒ်တွေမှာပါ မကောင်းသောဆုံးမခြင်းတွေကို သတိပေးထားပြီး၊ ကောင်းသောဆုံးမခြင်းတွေကို သင်ပေးပါတယ်။

လူအတော်များများက ကျမ်းစာကပြောပြတဲ့ ဆုံးမခြင်းပုံစံတခုကို သတိမထားမိကြတာတွေ့ရပါတယ်။ အဲဒါကတော့ ဘုရားသခင်ကိုယ်တိုင်က ဖခင်ပုံစံနဲ့ သူ့သားသမီးတွေကို ဆုံးမတဲ့ဥပမာပုံစံဖြစ်ပါတယ်။ ဘုရားသခင်က ဘယ်လိုဆုံးမသလဲဆိုတာ ကျမ်းစာမှာ ဖွင့်ပြတော်မူပါတယ်။ ကျွန်တော်တို့သားသမီးတွေကို အဲဒီပုံစံနဲ့ဆုံးမရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဟေဗြဲ ၁၂ ဟာ အရေးကြီးတာဖြစ်တယ်။ အဲဒီနေရာမှာ ဘုရားသခင်က သူ့ရဲ့ကလေးတွေကိုဆုံးမတဲ့ပုံစံနဲ့ ကျွန်တော်တို့ ကိုယ့်သားသမီးတွေကို ဆုံးမတဲ့ပုံစံကို နှိုင်းယှဉ်ဖေါ်ပြထားပါတယ်။

ဒ့ါအပြင် ဒီကျမ်းပိုဒ်ဟာ မိဘမဟုတ်သူတွေအတွက်လဲ အရေးပါလှပါတယ်။ တချို့သူတွေဟာ မိဘမဟုတ်ကြပါဘူး။ တချို့ကတော့ မိဘဖြစ်ခဲ့ကြပေမဲ့ ဆုံးမဖို့ ကလေးတွေ တယောက်မှမကျန်တော့ပါဘူး။ အိမ်ထောင်ကျကုန်ကြပြီ။ တချို့ကတော့ ဘယ်တော့မှ မိဘဖြစ်ကြမှာမဟုတ်ကြပြန်ပါဘူး။ အဲဒီလို လူတွေအတွက် ဒီကျမ်းပိုဒ်ဟာ ဘာမှမဆိုင်ဘူးလို့ မပြောပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့၊ ဒီကျမ်းပိုဒ်က ဘုရားသခင်ဟာ သူ့သားသမီးတွေကို ဆုံးမတယ်လို့ပြောထားလို့၊ ခရစ်ယာန်အားလုံးနဲ့ဆိုင်နေပါတယ်။

### လိုအပ်ချက်ဖြစ်ခြင်း

ဟေဗြဲ၁၂ကပြောပြတဲ့၊ ကလေးကိုနာကျင်အောင်ဆုံးမခြင်းဟာ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကလေးက အမှားကိုလုပ်လို့ဖြစ်ပါတယ်။ ဒီကျမ်းပိုဒ်က ဆုံးမခြင်းဆိုတာဟာ၊ အပြစ်လုပ်တဲ့ကလေးကိုမလုပ်တော့အောင်လို့ လိုအပ်ချက်နဲ့အညီ ကျိန်နဲ့ရိုက်တာ၊ ဒါမှမဟုတ် ကလေးကို ရနေကြအခွင့်အရေးထဲက တခုခုကို မရခိုင်းတာမျိုးကို ဆိုလိုပါတယ်။ အဲဒီအချက်ကို ငယ်(၆၊ ၁၁)တို့က ရှင်းစေပါတယ်။ ဘုရားသခင်ဟာ သူ့သားသမီးတွေအပေါ်မှာ ဆုံးမတဲ့အနေနဲ့ နာကျင်မှုတွေကိုရောက်စေတတ်ပါတယ်။

အဲဒီလို ဆုံးမမှုမျိုးဟာ တကယ့်လိုအပ်ချက်ဖြစ်ပါတယ်။ ယုံကြည်သူမိဘတိုင်းက စည်းကမ်းကြပ်မတ်ရမှာဖြစ်တယ်။ သူတို့ရဲ့ ကလေး တယောက်မကျန်ကို ဆုံးမသွန်သင်ရမယ်။ အဲဒီလိုပြောတဲ့အတွက် မိဘတွေက သားသမီးတွေကို ဆုံးမတဲ့နေရာမှာ သံမဏိစည်းကမ်းချမှတ်ပြီး၊ အားလုံးကို တပုံစံထဲ ဆုံးမ

ရမယ်လို့ ပြောနေတာမဟုတ်ပါဘူး။ တူညီတဲ့အပြစ်ကို ကျူးလွန်ကြချိန်မှာတောင် ဒီလိုမလုပ်ရဘူး။ တယောက်နဲ့တယောက် မတူတဲ့အတွက် မတူညီသောအဆင့်အတန်းနဲ့ ဆုံးမရမှာဖြစ်တယ်။ မိဘတွေဟာ ဒီနေရာမှာ ပညာရှိစွာ ဆုံးဖြတ်ပြီး၊ ဆုံးမရမှာဖြစ်တယ်။ တချို့ကလေးတွေက အားငယ်တတ်တယ်၊ သူတို့ကို ပြင်းပြင်းကလေးဆူရင်တောင်ပြောင်းလဲသွားတယ်၊ ရိုက်စရာမလိုဘူး။ တချို့ကလေးကျတော့ အတော် ခေါင်းမာတယ်၊ တော်ရုံဆုံးမယုံနဲ့ အပြစ်လုပ်နေရာက နောင်တရမပြောင်းလဲဘူး၊ ဒီလိုကျတော့ ရိုက်မှဖြစ်တယ်။ ရလဒ်ကတော့ အသံပြကြီးနဲ့အော်ငိုတော့တာဘဲ။ ကျွန်တော့်မှာ ကလေး(၉)ယောက်ရှိပါတယ်။ ဒီအဖြစ်မျိုးခဏခဏတွေ့ရပါတယ်။ (၉)ယောက်ထဲက တယောက်ကတော့ အတော်စိတ်နုနယ်ပါတယ်။ မဟုတ်တာလုပ်လို့ ဆူလိုက်ရင်ဘဲ မျက်ရည်တောက်တော်ကကျပြီး ပြောင်းလဲပါတယ်။ ဒါကြောင့် အဲဒီကလေး တခါမှ အရိုက်မခံရဘူး။ တခြားကလေးတွေက အဲဒါကို သတိထားမိကြပါတယ်။ (ဒါကြောင့် မိသားစုမှာ တရားမျှတခြင်းဟာ အရမ်းအရေးကြီးပါတယ်။ မျက်နှာလိုက်ခြင်းကို ကလေးတွေက ချက်ခြင်း သိကြပါတယ်)။ ဒီနေ့တော့ အားလုံးအိမ်ထောင်အသီးသီးကျကုန်ကြပါပြီ၊ ကိုယ့်သားသမီးတွေလဲ ရကုန်ကြပါပြီ၊ ဒါတောင်မှ ပြန်စုံကြရင်၊ အဲဒီအရိုက်မခံရတဲ့ ကလေးကို ဒီနေ့အထိဘဲ၊ မင်းကတော့ အဖေနဲ့အမေရဲ့ စပယ်ရှယ်ကလေးဘဲလို့ ပြောနေကြတုန်းပါဘဲ။ ဒါပေမဲ့ အဲဒီကလေးလဲ ဆုံးမခံရခြင်းလိုအပ်တာဘဲ၊ ဆုံးလဲဆုံးမခံခဲ့ရတာပါဘဲ၊ ဒါပေမဲ့ ပြင်းထန်တဲ့ဆုံးမခြင်းတော့ မဟုတ်ဘူးပေါ့။

ဘာဘဲပြောပြော သားသမီးတွေ တယောက်မကျန် ဆုံးမခြင်းကိုလိုအပ်တယ်။ အဲဒါကို ငယ်(၇) က ပြောနေပါတယ် "အဘမဆုံးမသောသား တစုံတယောက်ရှိသလော။" ဆုံးမပဲ့ပြင်ခြင်းဟာ သားသမီးနဲ့မိဘတို့ရဲ့ ဆက်ဆံရေးမှန်ဖြစ်တယ်။ တယောက်ယောက်ဟာ ဆုံးမမခံရဘူးဆိုရင် မိဘတွေရဲ့ သားသမီးစစ် မဟုတ်လို့ဘဲ။ ဒီကျမ်းပိုဒ်ကနေ သန့်ရှင်းသောဝိညာဉ်တော်က ပြောနေတာကတော့၊ အသင်းတော်မှာ အသင်းသူ/သားနှစ်မျိုးရှိတယ်၊ ယုံကြည်သူမိဘတွေမှာလဲ သားသမီးတွေထဲမှာ ပုံစံနှစ်မျိုးရှိတယ်လို့ ပြောနေတာဖြစ်ပါတယ်။ သူတို့တွေအားလုံးဟာ ဘုရားသခင်ရဲ့သားသမီးစစ်တွေ မဟုတ်ကြပါဘူး။ တချို့သော အသင်းသူ/သားတွေဟာ ဘုရားသခင်ရဲ့ကျေးဇူးတော်အားဖြင့် သခင်ယေရှုခရစ်တော်ထဲမှာ တကယ်ဘဲ ဝိညာဉ်ရေးရာ မွေးဖွားခြင်းခံရကြသူတွေဖြစ်တယ်။ ဒါပေမဲ့ တခြားသူတွေကျတော့ အသင်းတော်မှာ အပေါ်ယံကျောဘဲရှိနေကြတဲ့ သားသမီး မစစ်ကြသူတွေဖြစ်တယ်။ သူတို့ဟာ ဘုရားသခင်ရဲ့ သားသမီး လုံးဝမဟုတ်ကြပါဘူး။

ဟေဗြဲ(၁၂)ရဲ့ မူရင်းဂရိဘာသာမှာသုံးတဲ့စကားလုံးကို "ပညာသင်ပေးခြင်း"လို့ ဘာသာပြန်လို့ရပါတယ်။ မိဘတွေဟာ ကလေးတွေကို သင်ပေးရမယ်လို့ ပြောနေတာဖြစ်တယ်။ ကလေးတွေကို သင်ပေးခြင်း၊ ဆုံးမခြင်းနဲ့ ကြီးပြင်းလာစေရမှာဖြစ်တယ်။ ဆုံးမခြင်းမရှိရင် သင်ပေးခြင်းမမည်ပါဘူး။

ကျွန်တော်တို့ အမေရိကန်တိုင်းပြည်ရဲ့ အစိုးရကျောင်းတွေရဲ့ကျဆုံးခြင်းဟာ ဒီကိစ္စဘဲဖြစ်တယ်။ ကလေးတွေကို ဆုံးမခြင်းမရှိတာဘဲဖြစ်တယ်။ ဘယ်လို ဉာဏ်ပညာတွေကို၊ ဘယ်လောက်ဘဲ သင်သင် ဆုံးမခြင်းမရှိရင် အလကားဘဲ။ ဒါကြောင့် အစိုးရကျောင်းတွေဟာ စကထဲက ကျဆုံးနေတာဖြစ်တယ်။

ကျမ်းစာက ဆုံးမပဲ့ပြင်ခြင်းကို လိုအပ်ချက်လို့ သင်ပေးနေပါတယ်။ ခေတ်သစ်ပညာသင်ခြင်းအတွေးအခေါ်ကို ကျမ်းစာက ရှုတ်ချပါတယ်။ ဒီနေ့ကမ္ဘာကြီးက ကလေးတွေကို မရိုက်ရဘူး၊ ပြင်းပြင်းထန်ထန်တောင် မဆူရဘူးဆိုတဲ့ သီအိုရီကို ယုံနေပါတယ်။ အိမ်ထောင်စု အတော်များများကိုလဲ ဒီအတွေးကဘဲလွှမ်းမိုးနေပါတယ်။ အဲဒီအတွေးအခေါ်ဟာ အသင်းတော်ထဲမှလဲ ခဏခဏ ပေါ်လာတတ်ပါတယ်။ သူတို့ကပြောမယ်၊ ကလေးတွေကို မှန်တာသင်ပေးရင်တော်ပြီလို့။ အဲဒီလိုပြောပြီး၊ ဆုံးမပဲ့ပြင်ခြင်းဆိုတာ မလိုအပ်ဘူးလို့ ပြောနေသူဟာ ဘုရားသခင်ရဲ့ဉာဏ်ပညာတော်ကို ဝေဖန်သူဘဲဖြစ်ပါတယ်။ စည်းကမ်းကြပ်မတ်ခြင်းမလိုဘူးလို့ ငြင်းနေတာဟာ ဘုရားသခင်ရဲ့ဉာဏ်ပညာတော်ဟာ အလကားဘဲလို့ ပြောနေတာနဲ့ အတူတူပါဘဲ။

အဲဒါဟာ ခေတ်သစ်ပညာသင်ကြားခြင်းသီအိုရီရဲ့ အခြေခံအချက်ဘဲဖြစ်ပါတယ်။ နေရာတိုင်းမှာ လူဟာ ဘုရားထက်ပိုသိတယ်လို့ ပြောနေတာဖြစ်တယ်။ နေရာတိုင်းမှာ လူက တမင်သက်သက် ဘုရားသခင်ရဲ့အလိုတော်ကို ဘေးဖယ်နေတာဖြစ်တယ်။ ဒါကြောင့် ရလဒ်ကိုတော့ အရှင်းသားမြင်နေရတာဖြစ်တယ်။ (နောက်တပတ်ဆက်ဖော်ပြပါမယ်)